# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

ရန်ကုန်မြို့၊ ၁၃၃၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်။

(၁၉၇၂ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်။)

အောက်ဖော်ပြပါ ဥပဒေကို ထုတ်ပြန်ကြေညာသည်။

## ၁၉၇၂ ခုနှစ်၊ ဘဏ္ဍာငွေအရ—အသုံးဆိုင်ရာ ဥပဒေ

[၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၅။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီက အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၇၂ ခုနှစ်၊ ဘဏ္ဍာငွေအရ-အသုံးဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၇၂-၇၃ ခု၊ ဘဏ္ဍာရေးနှစ် အတွက် ၁၉၇၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်အကျိုးသက်ရောက်ရမည်။

၂။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၏ ဘဏ္ဍာငွေအရ-အသုံးသည်လည်းကောင်း၊ တော်လှန်ရေးကောင်စီမှအပ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရပိုင်တခုလုံး၏ ဘဏ္ဍာငွေအရ-အသုံးသည်လည်းကောင်း၊ ပြည်သူ့ဘဏ္ဍာရံပုံငွေဖြင့်လုပ်ကိုင်သွားရမည်။

(၂) ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရသည်၊ အစိုးရလက်အောက်ခံ စီးပွါးရေးလုပ်ငန်းများကို သီးသန့်ရင်းနှီးငွေနှင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန်ငွေများ၊ ခွဲဝေပေးထားနိုင်သည်။ ယင်းကဲ့သို့ ခွဲဝေပေးထားသည့်ငွေများသည်လည်း ပြည်သူ့ဘဏ္ဍာရံပုံငွေ၏ အစိတ်အပိုင်းသာဖြစ်ရမည်။

၃။ ။(၁) ၁၉၇၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၇၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်ဘဏ္ဍာရေးနှစ်အတွင်း စုစုပေါင်း ကျပ်ငွေ ခြောက်ရာကုဋေ အထိ၊ ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးသည်၊ အစိုးရငွေချေးစာချုပ်များ၊ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ မည်သူ့ထံမဆို ငွေချေးယူနိုင်သည်။ ထိုကဲ့သို့ငွေချေးသောအခါ၊ မိမိသင့်သည်ထင်မြင်သည့် အတိုးနှုန်းများသတ်မှတ်၍ပေးနိုင်သည်။ ပြန်ဆင်ရန် ပြန်ရွေးရန်၊ သို့မဟုတ်တခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်းပြုလုပ်နိုင်သည်။

(၂) ပုဒ်မခွဲ(၁)အရ၊ ချေးယူရရှိသောငွေအားလုံးကို၊ ပြည်သူ့ဘဏ္ဍာရံပုံငွေတွင် ထည့်သွင်းရမည်။

(၃) ပုဒ်မခွဲ (၁) အရ၊ ရရှိသည့်ဈေးငွေများအတွက် ပြန်ဆပ်ရန် ငွေရင်းနှင့် အတိုးကိုလည်းကောင်း၊ ကုန်ကျသည့် စရိတ်ငွေများကို လည်းကောင်း ပြည်သူ့ဘဏ္ဍာရံပုံငွေမှထုတ်ပေးရမည်။

၄။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၏ ဘဏ္ဍာငွေအရ-အသုံးနှင့် သက်ဆိုင်သော ပြည်သူ့ဘဏ္ဍာရံပုံငွေကို တော်လှန်ရေးကောင်စီ၏ ဘဏ္ဍာရေးကော်မီတီက စီမံခန့်ခွဲရမည်။

(၂) တော်လှန်ရေးကောင်စီမှအပ ပြည် ထောင် စု မြန်မာ နိုင်ငံ အစိုးရပိုင်း၏ ဘဏ္ဍာငွေအရ-အသုံးနှင့်သက်ဆိုင်သော ပြည်သူ့ ဘဏ္ဍာရံပုံငွေကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးက စီမံခန့်ခွဲရမည်။

၅။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၏ ဘဏ္ဍာရေးကော်မီတီ၊ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရဝန်ကြီးချုပ်နှင့် ဝန်ကြီးအသီးသီးသည် အောက်ပါဇယား ၁၊ ၂၊ ၃ နှင့် ၄ တို့တွင် မိမိနှင့်တပြေးတည်း ဖော်ပြထားသော ဘဏ္ဍာငွေ ရငွေနှင့် သုံးငွေများကို တည်ဆဲ ဘဏ္ဍာရေးနည်းဥပဒေများ၊ စည်းမျဉ်းများ၊ ညွှန်ကြားချက်များနှင့်အညီ စီမံအုပ်ချုပ်ရမည်။

# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

ဇယား(၁)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသည့် ကော်မီတီ၊ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ | ရငွေများ | | |
|---|---|---|---|---|---|
| | | | အခွန်အတုတ်၊ သာမန်ရငွေ၊ ငွေလုံးငွေရင်းရငွေ၊ အတိုးရငွေ | ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေမှ ပြန်ဆပ်ငွေ | ပြည်ပမှချေးငွေနှင့် ထောက်ပံ့ငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| | | | ကျပ် | ကျပ် | ကျပ် |
| ၁ | တော်လှန်ရေးကောင်စီ .... | တော်လှန်ရေးကောင်စီ ဘဏ္ဍာရေးကော်မီတီ။ | ၆၃,၅၆,၀၀၀ | .... | .... |
| | ပေါင်း .... | | ၆၃,၅၆,၀၀၀ | .... | .... |

# ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးကောင်စီ



ဇယား (၁)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသည့် ကော်မီတီ၊ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ | သုံးငွေများ | | |
|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | ထောက်ပံ့ငွေ၊ အတိုးနှင့် ကြွေးမြီ၊ ရင်းနှီးမြှုပ်နှံငွေနှင့် ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| | | | ကျပ် | ကျပ် | ကျပ် |
| ၁ | တော်လှန်ရေးကောင်စီ .... | တော်လှန်ရေးကောင်စီ ဘဏ္ဍာရေးကော်မီတီ။ | ၆,၅၀,၀၀,၀၀၀ | ၂၅,၀၀,၀၀၀ | .... |
| | ပေါင်း .... | | ၆,၅၀,၀၀,၀၀၀ | ၂၅,၀၀,၀၀၀ | .... |

ဇယား (၂)

# ဝန်ကြီးချုပ်ရုံး၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

ဇယား(၂)

| အမှတ်စဉ် | | အကြောင်းအရာ | | တာဝန်ခံသည့် ကော်မီတီ၊ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ | ရငွေများ — အခွန်အတုတ်၊ သာမန်ရငွေ၊ ငွေလုံးငွေရင်းရငွေ၊ အတိုးရငွေ | ရငွေများ — ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေမှ ပြန်ဆပ်ငွေ | ရငွေများ — ပြည်ပမှချေးငွေနှင့် ထောက်ပံ့ငွေ |
|---|---|---|---|---|---|---|---|
| ၁ | | ၂ | | ၃ | ၄ | ၅ | ၆ |
| | | | | | ကျပ် | ကျပ် | ကျပ် |
| ၁ | | ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှု အပေါ်တွင် ကောက်ခံသည့်အခွန်အတုတ်— | | | | | |
| | ၁ | နိုင်ငံတွင်းအကောက်ခွန် | .... | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး။ | ၁၀,၆၆,၃၇,၀၂၀ | .... | .... |
| | ၂ | ယစ်မျိုးခွန် | .... | ၎င်း | ၅,၀၃,၀၄,၀၇၀ | .... | .... |
| | ၃ | ကုန်သွယ်လုပ်ငန်းခွန် | .... | ၎င်း | ၁၅,၅၂,၃၁,၀၀၀ | .... | .... |
| | ၄ | အကောက်အခွန် | .... | ၎င်း | ၂၁,၄၇,၀၀,၀၀၀ | .... | .... |

| | | | | | | |
|---|---|---|---|---|---|---|
| | ၅ | ဝင်ကုန် အတွက် လိုင်စင် ခ များ | ကုန် သွယ် ရေးဝန်ကြီး။ | ၁,၁၃,၃၂,၀၀၀ | .... | .... |
| | ၆ | မြန်မာ နိုင်ငံ အောင် ဘာ လေ သိန်းဆု။ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။ | ၂,၀၀,၀၀,၀၀၀ | .... | .... |
| | ၇ | သယ်ယူပို့ဆောင်ရေးအခွန် .... | ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး။ | ၂၃,၆၁,၉၀၀ | .... | .... |
| ၂ | | ဝင်ငွေနှင့် ပိုင် ဆိုင် မှု အပေါ်တွင် ကောက်ခံသည့် အခွန်အတုတ်— | | | | |
| | ၁ | အမြတ်ခွန် .... | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။ | ၁၉,၀၀,၁၀,၀၀၀ | .... | .... |
| ၃ | | နိုင်ငံပိုင်ပစ္စည်းများ အသုံးပြုသည့် အပေါ် ပေးရသည့်အခွန်အတုတ်— | | | | |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့် အခွန်။ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။ | ၄,၄၄,၁၉,၆၆၀ | .... | .... |
| | ၂ | သစ်တောများမှ ပစ္စည်းထုတ်ယူသည့်အတွက်ပေးရသည့်အခွန်။ | လယ် ယာ နှင့် သစ်တောဝန်ကြီး။ | ၅,၄၄,၁၀,၄၀၀ | .... | .... |
| | ၃ | ဓါတ်သတ္တုများ ထုတ် ယူ သည့် အတွက် ပေးရသည့်အခွန်။ | သတ္တုတွင်း ဝန်ကြီး | ၁,၀၁,၀၃,၃၃၀ | .... | .... |
| | ၄ | အင်းအိုင်ခွန် .... | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။ | ၁,၂၇,၁၆,၇၃၀ | .... | .... |
| | ၅ | ကြက်ပေါင် စေး ပေါ် တွင် အကောက်ခွန် | လယ် ယာ နှင့် သစ်တောဝန်ကြီး။ | ၁,၁၀,၀၀၀ | .... | .... |

## ဝန်ကြီးချုပ်ရုံး၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

ဇယား (၂)



| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသည့် ကော်မီတီ၊ ဝန်ကြီးချုပ်နှင့်ဝန်ကြီးများ | ရငွေများ: အခွန်အတုတ်၊ သာမန်ရငွေ၊ ငွေလုံးငွေရင်းရငွေ၊ အတိုးရငွေ | ရငွေများ: ဈေးငွေနှင့် ကြိုတင်ထုတ်ပေးငွေမှ ပြန်ဆပ်ငွေ | ရငွေများ: ပြည်ပမှချေးငွေနှင့် ထောက်ပံ့ငွေ |
|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ |
| | | | | ကျပ် | ကျပ် | ကျပ် |
| ၄ | | ဝန်ကြီးချုပ်ရုံး .... | ဝန်ကြီးချုပ် .... | ၃၅,၀၀၀ | .... | .... |
| ၅ | | နိုင်ငံခြားရေး .... | နိုင်ငံခြားရေးဝန်ကြီး | .... | .... | .... |
| ၆ | | ကာကွယ်ရေး— | | | | |
| | ၁ | ကာကွယ်ရေးဌာန .... | ကာကွယ်ရေးဝန်ကြီး | ၄၄,၉၉,၀၀၀ | .... | .... |
| | ၂ | ကာကွယ်ရေး စက်ပစ္စည်း စက်ရုံ | ၎င်း | ၂,၃၀,၀၀,၀၀၀ | .... | .... |
| ၇ | | တရားရေး .... .... | တရားရေးဝန်ကြီး | ၆၅,၉၀,၃၀၀ | .... | .... |
| ၈ | | ပြည်ထဲရေးနှင့် သာသနာရေး .... | ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီး။ | ၁,၀၃,၂၄,၀၀၀ | .... | .... |
| ၉ | | လူမှုဝန်ထမ်း .... | လူမှုဝန်ထမ်းဝန်ကြီး | ၄,၃၃,၂၆၀ | .... | .... |
| ၁၀ | | ပြန်ကြားရေး .... | ပြန်ကြားရေးဝန်ကြီး | ၅၁,၂၀,၇၅၀ | .... | .... |

| | | | | | |
|---|---|---|---|---|---|
| ၁၁ | ယဉ်ကျေးမှု .... | ယဉ်ကျေးမှုဝန်ကြီး | ၃,၀၀,၅၇၀ | .... | .... |
| ၁၂ | ပညာရေး .... | ပညာရေးဝန်ကြီး | ၃,၇၃,၅၁,၀၂၀ | .... | ၂၅,၀၀,၀၀၀ |
| ၁၃ | ကျန်းမာရေး .... | ကျန်းမာရေးဝန်ကြီး | ၁၀,၇၀,၁၀၀ | .... | .... |
| ၁၄ | အလုပ်သမား .... | အလုပ်သမားဝန်ကြီး | ၁,၁၀၀ | .... | .... |
| ၁၅ | လယ်ယာနှင့် သစ်တော .... | လယ် ယာ နှင့် သစ်တောဝန်ကြီး။ | ၅,၃၃,၆၃,၀၀၀ | ၅,၁၂,၀၀၀ | ၁,၇၂,၀၀,၀၀၀ |
| ၁၆ | သတ္တုတွင်း .... | သတ္တုတွင်း ဝန်ကြီး | ၂၀၀ | .... | ၂,၀၉,၂၀,၀၈၀ |
| ၁၇ | စက်မှု .... | စက်မှုဝန်ကြီး .... | ၂,၅၀,၆၀၀ | ၁,၄၅,၀၀၀ | ၅,၃၅,၅၉,၀၀၀ |
| ၁၈ | ဆောက်လုပ်ရေး .... | ဆောက်လုပ်မှုရေးဝန်ကြီး။ | ၁,၁၀,၁၀၀ | .... | ၁,၃၀,၀၃,၀၀၀ |
| ၁၉ | ပို့ဆောင်ဆက်သွယ်ရေး .... | ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး။ | ၆၆,၁၃,၅၄၀ | .... | ၁,၁၂,၂၁,၀၀၀ |
| ၂၀ | ကုန်သွယ်ရေး .... | ကုန်သွယ်ရေးဝန်ကြီး | ၂၀၀ | .... | ၆,၁၂,၂၉,၀၀၀ |
| ၂၁ | သမဝါယမ.... .... | သမဝါယမ ဝန်ကြီး | ၉,၁၄,၀၃၀ | ၅၅,၀၀၀ | .... |
| ၂၂ | စီမံကိန်းနှင့် ဘဏ္ဍာရေး .... | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။ | ၉,၂၁,၀၁,၃၀၀ | ၁,၅၀,၀၄,၀၀၀ | ၇,၀၇,၃၂,၀၀၀ |
| ၂၃ | ပင်ရှင်လစာငွေများနှင့် ဆုငွေများ | ငှင်း | .... | .... | .... |
| ၂၄ | ဆုငွေများနှင့် တလုံးတည်းပင်ရှင်ငွေများ။ | ငှင်း | .... | .... | .... |
| | ပေါင်း ... | | ၁,၄၀,၅၀,၄၇,၇၀၀ | ၁,၅၇,၁၆,၀၀၀ | ၂၅,၀၅,၃၂,၀၀၀ |

# ဝန်ကြီးချုပ်ရုံး၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

ဇယား (၂)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသည့်ကော်မီတီ၊ ဝန်ကြီးချုပ်နှင့်ဝန်ကြီးများ | သုံးငွေများ | | |
|---|---|---|---|---|---|---|
| | | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | ထောက်ပံ့ငွေ၊ အတိုးနှင့်ကြွေးမြီ၊ ရင်းနှီးမြှုပ်နှံငွေနှင့် ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ |
| | | | | ကျပ် | ကျပ် | ကျပ် |
| ၁ | | ပြည်တွင်းထွက် ကုန် နှင့် ပြည် သူ ပြည်သားများ သုံးစွဲမှုအပေါ်တွင် ကောက်ခံသည့်အခွန်အတုတ်— | | | | |
| | ၁ | နိုင်ငံတွင်းအကောက်ခွန် .... | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။ | | | |
| | ၂ | ယစ်မျိုးခွန် .... | ၎င်း | .... | .... | .... |
| | ၃ | ကုန်သွယ်လုပ်ငန်းခွန် .... | ၎င်း | .... | .... | .... |
| | ၄ | အကောက်အခွန် .... | ၎င်း | .... | .... | .... |
| | ၅ | ဝင်ကုန်အတွက် လိုင် စင် ခ များ | ကုန်သွယ်ရေးဝန်ကြီး | .... | .... | .... |

| | | | | | | |
|---|---|---|---|---|---|---|
| | ၆ | မြန် မာ နိုင် ငံ အောင် ဘာ လေ သိန်းဆု။ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။ | .... | .... | .... |
| | ၇ | သယ်ယူပို့ဆောင်ရေးအခွန် .... | ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး။ | .... | .... | .... |
| ၂ | | ဝင် ငွေ နှင့် ပိုင်ဆိုင်မှု အပေါ်တွင် ကောက်ခံသည့် အခွန်အတုတ်— | | | | |
| | ၁ | အမြတ်ခွန် .... | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။ | .... | .... | .... |
| ၃ | | နိုင်ငံပိုင်ပစ္စည်းများ အသုံးပြုသည့် အပေါ် ပေးရသည့်အခွန်အတုတ်— | | | | |
| | ၁ | မြေယာပေါ်တွင် ကောက်ခံသည့် အခွန်။ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။ | .... | .... | .... |
| | ၂ | သစ်တောများမှ ပစ္စည်း ထုတ် ယူသည့်အတွက်ပေးရသည့်အခွန်။ | လယ် ယာ နှင့် သစ်တောဝန်ကြီး။ | .... | .... | .... |
| | ၃ | ဓါတ် သတ္တု များ ထုတ် ယူ သည့် အတွက် ပေးရသည့်အခွန်။ | သတ္တုတွင်း ဝန်ကြီး | .... | .... | .... |
| | ၄ | အင်းအိုင်ခွန် .... | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။ | .... | .... | .... |
| | ၅ | ကြက် ပေါင် စေး ပေါ် တွင် အကောက်ခွန်။ | လယ် ယာ နှင့် သစ်တောဝန်ကြီး။ | .... | .... | .... |